တရားမပုံစံအမှတ်၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၆၆

______________

________ညောင်ဦးခရိုင်__________တရားရုံးတော်

၂၀၂၃ ခုနှစ်၊ ဇာရီမှုအမှတ်____၁၆____

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (ညောင်ဦးဘဏ်ခွဲ)<br>(၎င်း၏ကိုယ်စားဘဏ်ခွဲမန်နေဂျာဦးဇော်လင်းထွန်း) | နှင့် | ၁။ ဒေါ်လှဲ့လှဲ့ဝင်း<br>၂။ ဒေါ်နှင်းစန္ဒာမြင့် |

ဒီကရီအနိုင်ရသူ　　　　　　　　　　　　　　　　　　　　တရားရှုံးများ

______ညောင်ဦးခရိုင်___တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၁/၂၀၂၀_____အမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသောပစ္စည်းကို**၂၀၂၄ ခုနှစ်၊ ဇွန် လ၊___၆___ရက်၊** နံနက်၁၀၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊လေလံဆွဲဝယ်ယူနိုင် ကြောင်းကြေညာလိုက်သည်။

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက် အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါကတရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နိူးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအားလေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီးမရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်း မှသာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကိုလေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့ သည် ရုံးပိတ်ရက်ဖြစ်လျှင်ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီ လ ၂၉ ရက်နေ့တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ညောင်ဦးခရိုင်တရားရုံး

(ငွေးငွေးဆွ)

ဒုတိယခရိုင်တရားသူကြီး

ညောင်ဦးခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

ညောင်ဦးမြို့နယ်၊ ပြွန်ကျေးရွာအုပ်စု၊ အကွက်အမှတ်-(၁၆၃၅/ငါ့လှိုင်း)၊ ဦးပိုင်အမှတ်-(၆၀/၃-က)၊ ဧရိယာ(၀.၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်၏မြေငှားဂရန်အမှတ်-(၁၇၂/V/၂၀၁၆)နှင့် ညောင်ဦးမြို့နယ်၊ ပြွန်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၆၃၅/ငါ့လှိုင်း)၊ ဦးပိုင်အမှတ်(၆၀/၃-ခ)၊ ဧရိယာ (၀.၅၀)ဧကအကျယ်အဝန်းရှိ မြေကွက်၏မြေငှားဂရန် အမှတ်-(၁၇၃/V/၂၀၁၆)ဖြင့်ရရှိထားသည့် ဒေါ်လှဲ့လှဲ့ဝင်း အမည်ပေါက်ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

| | | |
|---|---|---|
| ရောင်းချမည့်နေ့ | - | ၆.၆.၂၀၂၄ |
| ရောင်းချမိန့်ပြန်သွင်းမည့်နေ့ | - | ၇.၆.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း(၈၇၀၀) |